# ပင်လုံစီတ်ဓါတ်

ယုဝတီဂျင်းဖောမယ်
(အမျိုးသားအနုပညာစာပေဆုရ)

E-book is created by www.shanyoma.org

ပင်လုံ သို့မဟုတ် ပန်လုံမြို့သည် ငယ်၏။

ပြည်ထောင်စုသား (ရှမ်းတိုင်းရင်းသား)တို့က ရှေးအဘိုးအဘွားတို့ခေတ်ဦးက ခေါ်ဆိုခဲ့ကြသည့်အတိုင်း ပန်လုံ(ပါင်လူင်)ဟုခေါ်ကြ၏။

ပန်လုံ(ပါင်လူင်)အဓိပ္ပါယ်ကား ''လွင်ပြင်ကြီး''ပင်တည်း။

♠♠♠

**ပင်လုံညီလာခံကြီး၌ တက်ရောက်လာကြသော တိုင်းရင်းသားကိုယ်စားလှယ်များအား ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်**



**စခန်းအောင်မြေ**

ပင်လုံခေါ် ပန်လုံသည် ရှမ်းပြည်နယ်တောင်ပိုင်း လွယ်လင်မြို့၏ မြောက်ဘက် ၁၆ မိုင်ဝေးသောနေရာဒေသ လွယ်လင်ခရိုင်အတွင်း၌ တည်ရှိသောမြို့ငယ်လေး တစ်မြို့ဖြစ်သော်လည်း လွင်ပြင်ကြီးဟု အဓိပ္ပါယ်ရသည့်မြို့ဖြစ်သည့်အတိုင်း ''လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတည်ဆောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားညီအစ်ကို မောင်နှမများ စုပေါင်းအားယူရာ ပန္နက်စိုက်ရာ ''စခန်းအောင်မြေ''ဖြစ်ပါ၏။

E-book is created by www.shanyoma.org

**ပင်လုံစာချုပ်**

"ဘယ်သူခွဲခွဲ တို့မကွဲ"ဟု နယ်ချဲ့ဗြိတိသျှတို့ကို သတ္တိရှိရှိ စုရုံးလက်တွဲ ကြေညာသောနေရာဒေသအဖြစ်ဖြင့်လည်းကောင်း၊ မြန်မာ့သမိုင်းသာမက ကမ္ဘာ့သမိုင်းပါ ထင်ရှားကျော်ကြားခဲ့သော "ပင်လုံစာချုပ်"ချုပ်ဆိုရာ မြို့တော်ပင်လုံအဖြစ် ထာဝရအသက်ဝင် ထင်ရှားနေမည့်မြို့ဖြစ်၏။

နယ်ချဲ့ဗြိတိသျှများ မျက်လုံးပြူး တုန်လှုပ်သွားစေခဲ့သော "ပင်လုံစာချုပ်"ကြီးကို အောင်အောင်မြင်မြင် ညီညီညွတ်ညွတ် ပြည်နယ်ပြည်မ တိုင်းရင်းသားခေါင်းဆောင်ကြီးများ တစ်စိတ်တစ်ဝမ်းတည်း စုပေါင်းညီညာ လက်မှတ်ရေးထိုးကြသည့်နေ့ကား... ၁၉၄၇–ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဖြစ်၏။

ယင်း ၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်ကား...ပြည်နယ်ပြည်မ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ "သေအတူ ရှင်မကွဲ"သွေးစည်းနေကြမည့်ဆန္ဒအမှန်၊ သစ်စေ့တစ်စေ့ကို ပင်လုံခေါ် ပန်လုံ၌ စိုက်ပျိုးလိုက်ကြသော နေ့ပင် ဖြစ်တော့၏။

♠♠♠



**တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းခြင်း**

သေအတူ ရှင်မကွဲ သွေးစည်းနေကြမည့် သစ်စေ့မှ ရှင်သန်ပေါက်လာခဲ့သော အပင်မှ အရွက်ကလေးများ ပေါက်စပြုခဲ့သည်နှင့်ပင် ပြည်နယ်ပြည်မ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ကြရန် "တိုင်းပြုပြည်ပြုလွှတ်တော်ကြီး"ကို ၁၉၄၇–ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ဖွဲ့စည်းလိုက်ကြ၏။

**လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းခဲ့ပြီးသည်နောက်ပိုင်း၌ "လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"ဟုခေါ် တွင်စေမည့်"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း"ကို ခေါင်းဆောင်ကြီးများက တစ်ညီတစ်ညွတ်တည်း ရေးဆွဲအတည်ပြုခဲ့ကြသည်။

ယင်းအတည်ပြုချက်ကို တိုင်းပြုပြည်ပြုလွှတ်တော်မှ ၁၉၄၇–ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစတင်၍ စက်တင်ဘာလ ၂၄ ရက်နေ့အထိ ညီလာခံ သုံးကြိမ်တိတိ ကျင်းပခဲ့ကြ၏။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၄ ခန်း အပိုဒ်ပေါင်း ၂၃၄ ပိုဒ်ပါဝင်ပြီး တောင်တန်းဒေသများ ဖြစ်ကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်(ယခင် ကရင်နီပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ကို ပါဝင်ဖွဲ့စည်းထားကာ ပြည်နယ်ဟူသမျှတို့ကိုလည်း မိမိတို့ပိုင်ဆိုင်ရာ(ဘာသာ၊ ယဉ်ကျေးမှုနှင့်လူမှုရေး၊ စီးပွားရေး၊ ဓလေ့ထုံးစံလာ)ကိစ္စအရပ်ရပ်မှန်သမျှတို့ကို ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး သဘောတရားအရ အုပ်ချုပ်ရန် ခွင့်ပြုချက်လည်း ပါရှိခဲ့၏။

♠♠♠

**သေအတူ ရှင်မကွဲ သွေးစည်းခဲ့ကြသည်**

ပင်လုံခေါ် ပန်လုံ(ပါင်လူင်)လွင်ပြင်ကြီး၌ သေအတူရှင်မကွဲ သွေးစည်းနေထိုင်ကြမည့် "သစ်စေ့"မှ ပေါက်ပွားရှင်သန်၍လာသော "ပင်လုံစိတ်ဓာတ်"ပင်စည်မှ အခက်အလက်ကလေးများ ဝေဖြာ၍ လာခဲ့သည်ကို မနာလို မရှုစိမ့်နိုင်သော နိုင်ငံခြားသား နယ်ချဲ့ဗြိတိသျှတို့၏ ပေါက်ဆိန်ကို (ခုတ်နိုင်၊ ဖြတ်နိုင်၊ အပိုင်းပိုင်း အစစ)သို့ပေါက်ခွဲဖျက်ဆီးပေးမည့်ပုဆိန်ရိုးတစ်ရိုးသည် မည်သူမျှ မထင်မှတ် မမျှော်လင့်ဘဲ ပေါ် ပေါက်လာခဲ့၏။

ထိုသူကား...

နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစောပင် ဖြစ်၏။

တိုင်းချစ်ပြည်ချစ် နိုင်ငံတော်ကချစ်သော ဗိုလ်ချုပ်(ဝန်ကြီးဦးအောင်ဆန်း)ကို မရှုစိမ့်နိုင်ခဲ့။

မြန်မာနိုင်ငံကို အုပ်ချုပ်ရမည့်သူသည် (ပျိုတိုင်းကြိုက်သော နောက်ပေါက်ရှေ့ကြာပင်ဦးအောင်ဆန်း(ဗိုလ်ချုပ်)မဖြစ်နိုင်။ မြန်မာနိုင်ငံကို အုပ်ချုပ်ရမည့်သူမှာ နန်းရင်းဝန်ဟောင်းဖြစ်သော မိမိဦးစောသာလျှင် ဖြစ်ရမည်ဟု ခံယူထားသူဖြစ်ရာ မကြံအပ်၊ မစည်အပ်သော စိတ်ကူးကိုအကောင်အထည်ဖော်ရန် မရှက်မကြောက်(မြန်မာနိုင်ငံကို လက်မလွှတ်လိုသော၊ မြန်မာနိုင်ငံကိုခြေဖဝါးအောက် ပြားပြားဝပ် ကျွန်ပြုထားလိုစိတ်ရှိနေသော)နယ်ချဲ့ဗြိတိသျှတို့၏ အေး. အို့ . ဒီ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

စစ်လက်နက်ပစ္စည်းတပ် (ဗိုလ်တထောင်)မှ အရာရှိမျက်နှာဖြူများနှင့်တွေ့ဆုံ၍ ရင်းနှီးအောင် ကြိုးစားကာ သူဖြစ်ချင်သည်များကို ဖွင့်ပြောပြသည်။ အကူအညီ တောင်းခံခဲ့သည်။

သူလိုချင်သော လူသတ်လက်နက်များကို ခိုးထုတ်ရောင်းချပေးရန် စကားကမ်းလှမ်းခဲ့ သည်။

အကြိုက်တွေ့သွားသော မျက်နှာဖြူ အင်္ဂလိပ်အရာရှိနှစ်ဦးတို့က အာဏာရူးဂဠုန်ဦးစော ကို ကူညီရန် သဘောတူလိုက်ကြသည်။ ခဲတစ်လုံးတည်းနှင့်ငှက်နှစ်ကောင် ထိမှန်သေကြေပျက်စီး သွားစေမည့်အကူအညီမျိုးဖြစ်၍လည်း မျက်နှာဖြူအရာရှိနှစ်ဦးက လွယ်လွယ်ကူကူ လျင်လျင် မြန်မြန် ခေါင်းညိတ်သဘောတူလိုက်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းလည်း သေ၊ မြန်မာနိုင်ငံလည်း ကျွန်နိုင်ငံပြန်ဖြစ်မည့်ဇာတ်လမ်း ကို မည်သည့်နယ်ချဲ့ဗြိတိသျှအရာရှိကမျှ လက်မခံဘဲ မကူညီဘဲ နေမည်မဟုတ်။

ဦးစော အတွေးမှန်သွားလေပြီ ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း သေလျှင် ဗြိတိသျှဘုရင်ခံက သူ့ကိုခေါ်၍ ဝန်ကြီးချုပ်ခန့်လိမ့် မည်ဟု တထစ်ချယုံကြည်လျက် ရှိ၏။

ယင်းအတွေးဖြင့် အာဏာရူးပုဆိန်ရိုးအဖြစ် မြန်မာလူမျိုးဦးစောသည် မြန်မာခေါင်း ဆောင်ကောင်းတစ်ယောက်နှင့်အပေါင်းပါဝန်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် စိုင်းပြင်းတော့ ၏။

ကပ္ပတိန်ဗီဗီယမ်း ဗိုလ်တထောင် အေ. အို. ဒီ ဗြိတိသျှစစ်လက်နက်ပစ္စည်းတပ်နှင့်မေဂျာ စီအိပ်(ချ်)အိပ်(ချ်)ရန်း (BEME) တပ်မှ အရာရှိကြီးများထံမှ စစ်လက်နက် ခဲယမ်းမီးကျောက်၊ စစ်ယူနီဖောင်းများ ရရချင်း ဦးစောသည် မအောင့်နိုင်၊ မအည်းနိုင်။ သူ့၏တပည့်လူသတ်သမား များကို “သည်ခေါင်းဆောင်ကြီးတွေကို သတ်ပစ်မှ အေးမယ်”ပြောကာ ဦးနုကိုလည်း သတ်ပစ် ရမယ်’ဟု ထပ်ဆင့်ပြောလိုက်ပြန်၏။

သူသည် မျက်နှာဖြူအရာရှိများထံမှ ရရှိသောအမှတ်(၁၂)တပ် အမှတ်တံဆိပ်ပါ စစ်ယူ နီဖောင်းအစိမ်းများကို သူ၏တပည့်လူသတ်သမားများဖြစ်ကြသော…

၁။ ရန်ကြီးအောင်

၂။ မောင်စိုး

၃။ သက်နှင်း

၄။ သုခ

၅။ မောင်စိန်

၆။ ဘညွန့်

၇။ မှုံကြီး

E-book is created by www.shanyoma.org

၇။ ခင်မောင်ရင်(ဦးစော၏ဇနီး ဒေါ်သန်းခင်၏တူ)

၈။ မောင်နီတို့ကို ဝတ်ဆင်ပေးလိုက်ပြီးလျှင် စစ်လက်နက်များကိုပါ တပ်ဆင်ပေး၍ စစ်အစိမ်းရောင်ဂျစ်ကားနှင့်အတွင်းဝန်ကြီးများရုံးသို့ လွှတ်လိုက်သည်။ အစည်းအဝေးလုပ်နေကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်အပေါင်းပါဝန်ကြီးများဖြစ်ကြသော သခင်မြ၊ ဦးဘဝင်း(ဗိုလ်ချုပ်၏ အစ်ကို)၊ တိုင်းရင်းသားခေါင်းဆောင်ကြီးမန်းဘခိုင်(ကရင်တိုင်းရင်းသား)၊ မိုင်းပွန်စော်ဘွားကြီးစော(ဝ်)စံထွန်း(ရှမ်းတိုင်းရင်းသား)၊ ဆရာကြီးဦးရာဇတ်(မြန်မာမူစလင်)၊ ဆရာကြီးဒီးဒုတ်ဦးဘချို(မြန်မာ)၊ အိုင်စီအက် ဦးအုန်းမောင်တို့ကို လုပ်ကြံသတ်ဖြတ်ရန် စေလွှတ်ခဲ့၏။

လူသတ်သမား ကိုးဦးအနက် အစည်းအဝေးခန်းမအတွင်းသို့ တရကြမ်း ဝင်ရောက်ပစ်ခတ်ကြသူ လေးဦးမှာ

၁။ မောင်စိုး

၂။ သက်နှင်း

၃။ မောင်စိန်

၄။ ရန်ကြီးအောင် တို့ဖြစ်၏။

လက်နက်မျိုးစုံနှင့်တရကြမ်း စည်းဝေးခန်းမတွင်းသို့ ဝင်ရောက်လာခဲ့ကြသော သူတို့ကို ဗိုလ်ချုပ်အံ့ဩစွာ မော့ကြည့်မိသည်။

နိုင်ငံ့လွတ်လပ်ရေးအတွက် လုံးပမ်းနေသောသူသည် ရန်သူလူသတ်သမားများကို မျှော်လင့်၍ မထားခဲ့ရှာသည့်အတွက် ယနေ့အစည်းအဝေးအတွက် လုံခြုံရေးကင်းပင် မထားခဲ့ပေ။

ထို့ကြောင့် ဗိုလ်ချုပ်က သူတို့ကို လက်ပြ၍ တားလိုက်၏။

"မောင်ရင်တို့ကို ကိုယ်ပြောမယ်၊ တို့သည်မှာ…"ဗိုလ်ချုပ်၏စကားမဆုံးမီ မောင်စိုးနှင့်သက်နှင်းတို့၏လက်တွင်းမှ တော်မီဂန်းနှင့်ဘရင်းဂန်းသံများ ထွက်၍လာခဲ့၏။

ဗိုလ်ချုပ်ထိုင်ရာမှ ထ၍ ရပ်လိုက်ပြီး မောင်စိုးနှင့်သက်နှင်းကို လက်ပြထားလိုက်ကာ စကားပြောရန် ကြိုးစား၏။

မောင်စိုးနှင့်သက်နှင်းတို့သည် ဗိုလ်ချုပ်ကို စကားပြောခွင့်မပေးခဲ့။ အာဏာရူးဂဠုန်ဦးစော၏ အမိန့်အတိုင်း ဗိုလ်ချုပ်နှင့်မန်းဘခိုင်တို့ကို ဆက်၍ မရပ်မနား ပစ်ခတ်လိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်း ကုလားထိုင် လက်ရမ်းပေါ်သို့ ပုံရက်ကျသွားခဲ့၏။

ကျန်ဝန်ကြီးများကို မောင်စိန်နှင့်ရန်ကြီးအောင်တို့ နှစ်ယောက်က လူစိတ်ကင်းစွာ ဦးစော၏ အမိန့်အတိုင်း ပစ်ခတ်ကြ၏။

လူသတ်သမားလေးယောက်သည် သူတို့ပက်ပက်စက်စက် လုပ်ကြံသတ်ဖြတ်ကြသော ခေါင်းဆောင်ကြီးများကို 'ဒါ ငါတို့နိုင်ငံတော်ရဲ့ခေါင်းဆောင်ကြီးများပါလား'ဟု အသိဝင်၍မမြင်

E-book is created by www.shanyoma.org

မိကြဘဲ သူတို့၏ ဆရာသခင် အာဏာရှူးကြီး၏ ခိုင်းစေချက်သည်သာလျှင် သူတို့၏ အသိတရားများ ဖြစ်နေခဲ့၏။

မြန်မာကို မြန်မာက ရက်စက်ယုတ်မာစွာသတ်သည့်ဇာတ်လမ်း၌ သူတို့သည် ဇာတ်ကောင်ကောင်းများ ဖြစ်ခဲ့ကြပါ၏။

စီစဉ်ညွှန်ကြားသူ ဒါရိုက်တာများက နယ်ချဲ့ဗြိတိသျှအရာရှိများဖြစ်ကြပြီး လက်ခံရိုက်ကူးသူ တွဲဖက်ဒါရိုက်တာက အာဏာရှူး ပုဆိန်ရိုး နန်းရင်းဝန်ဟောင်းမြန်မာလူမျိုးဦးစောဖြစ်ပါ၏။

ဇာတ်ကောင်ကောင်း လူသတ်သမားလေးဦးတို့ စည်းဝေးခန်းမမှ ထွက်ခွာသွားခဲ့သော အခါ ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်ကြီးများမှ ကမ္ဘာသို့ တညီတညွတ်တည်း ကြေညာခဲ့သည်။ "ကျွန်ုပ်တို့ တောင်တန်းဒေသတိုင်းရင်းသားများသည် ပြည်မနှင့်လက်တွဲမဖြုတ်၊ သေအတူ ရှင်မကွဲ နေထိုင်သွားကြမည်"ဟူသောစကားအတိုင်းပင် ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်ကြီးများသည် သူတို့ယုံကြည်သော သူတို့လေးစားသော နတ်မောက်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်လက်တွဲမဖြုတ် သေအတူ ရှင်မကွဲ သွေးချင်းနှော၍ အစည်းအဝေးခန်းမအတွင်း၌ အသက်စွန့်သွားခဲ့ကြ၏။

သေနတ်သံကြား၍ ပြေးဝင်လာကြသော သက်တော်စောင့်မောင်ထွေးနှင့်လူသတ်သမားတို့ မျက်နှာချင်းဆိုင်မိကြသည်။

ရန်ကြီးအောင်က မောင်ထွေးကို ဆက်၍ ပစ်သတ်လိုက်၏။ ဤရက်စက်ယုတ်မာသော လုပ်ကြံမှုကြီးသည် ကမ္ဘာကြေသော်မှ ကျေနပ်နိုင်ဖွယ် မရှိတော့ပေ။

ထိုနေ့သည်ကား ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ပင် ဖြစ်တော့၏။

## ပင်လုံစိတ်ဓာတ်

အာဏာရှူး ပုဆိန်ရိုး ဂဠုန်ဦးစော၏ရက်စက်ယုတ်မာသော "လုပ်ကြံမှုကြီး"သည် နှစ်ပေါင်း ၄၉ နှစ်ပင်ရှိသော်လည်း ပြည်သူတို့၏ရင်၌ မနေ့တစ်နေ့က လုပ်ကြံမှုကြီးအဖြစ် ရင်၌ တသိမ့်သိမ့် ခံစားနေကြရဆဲ ဖြစ်ပါသည်။

ပြည်နယ် ပြည်မ ခေါင်းဆောင်ကြီးများ သွေးနီဖုံးလွှမ်းကာ အတူတကွ လဲကျသေဆုံးသွားခဲ့ရှာကြပါသော်လည်း "ပင်လုံ"၌ လက်တွဲအတူ စိုက်ပျိုးခဲ့သော ခေါင်းဆောင်ကြီးများ၏ "ပင်လုံစိတ်ဓာတ်"သည် သေဆုံးပျောက်ကွယ်၍ မသွား။ ဦးစောနှင့်ကုလားဖြူ(နယ်ချဲ့ဗြိတိသျှ)တို့ မျှော်လင့်ခဲ့ကြသလို လွင့်ကြွေပျောက်ပျက်၍ သေမသွားခဲ့ဘဲ ယနေ့တိုင် ခက်လက်ဝေဖြာ၍ ပြည်သူတို့၏နှလုံးသား၌ ရှင်သန်လျက် ရှိနေခဲ့ကြပါ၏။

ဤကား...

ရှမ်းပြည်တောင်ပိုင်း လွယ်လင်မြို့၏မြောက်ဘက် ၁၆ မိုင်ဝေးသော နေရာဒေသလွယ်လင်ခရိုင်အတွင်း၌ တည်ရှိသော မြို့ငယ်လေး တစ်မြို့ဖြစ်သော ပင်လုံခေါ် ပန်လုံ(ပါင်လူင်)"လွှင်

ပြင်ကြီး''ဟုအမိပ္ပါယ်ရသော မြို့ငယ်လေးမှ ပေါက်ဖွားလာခဲ့သော ''ဘယ်သူခွဲခွဲ တို့မကွဲ''ပင်လုံ စိတ်ဓာတ်ပင် ဖြစ်ပါ၏ ။

♠♠♠

ယုဝတီဂျင်းဖောမယ်

မှတ်ချက်။ ။၁၉၉၇–ခုနှစ်တွင် ရန်ကုန်မြို့ တောင်ကြီးအသင်းမှ ထုတ်ဝေလိုက်သောနှစ် (၅၀)မြောက် ရွှေရတုရှမ်းပြည်နယ်မဂ္ဂဇင်း စာမျက်နှာ(၃၇ မှ ၄၂အထိ)၌လာ ရှိသော ဆောင်းပါးကို ပြန်စာစီရိုက်ထားပါသည်။

E-book is created by www.shanyoma.org